
AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

# သယ်ယူပို့ဆောင်ရေး

## အများပြည်သူ သယ်ယူပို့ဆောင်ရေး



ဩစတြေးလျား မြို့ကြီးများတွင် ကုန်ကျစရိတ် အလွန်မများဘဲ သွားလာရေးအတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်မှာ အကောင်းဆုံးဖြစ်သည်။

ကွဲပြားခြားနားသော မြို့ကြီးများ၌ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်မှာ အောက်ပါကဲ့သို့ ပုံစံအမျိုးမျိုးရှိသည်။




- ဘတ်စ်ကားများ



- မီးရထားများ



- ဓာတ်ရထားများ




- ကူးတို့များ ဖြစ်ကြပါသည်




သင် အများပြည်သူ သယ်ယူပို့ဆောင်မှုစနစ်ကို အသုံးပြုလျှင် သင့်ထံ၌ လက်မှတ်ရှိရန် လိုအပ်သည်။






အချို့မြို့ကြီးများ၌ ရောင်းသည်မှာ

- သင် ခရီးသွားလိုသည့်အခါ၌ အသုံးပြုရသည့် လက်မှတ်
- သင် ငွေကြိုတင်ဖြည့်ရပြီး သယ်ယူပို့ဆောင်သည့်ယာဉ်အပေါ် သင် အတက်၊ အဆင်း၌ လွှဲတို့ရသော ခရီးသွားကတ်ပြားများဖြစ်သည်။


## လက်မှတ်အမျိုးအစားများ




**တစ်ခါစီး**
ခရီးလမ်းကြောင်း တစ်ကြောင်းအတွက်ဖြစ်သည်။




**အသွားအပြန်**
သင် သွားလိုသည့်နေရာကို သွားပြီး၊ နောက်မှ အိမ်ပြန်နိုင်သည်။





**နေ့စဉ်**
သင် လက်မှတ်ဝယ်သောနေ့တွင် သင် သွားရန်လိုအပ်သော မည်သည့်နေရာသို့မဆို သွားနိုင်သည်။




**ယာဉ်နှင့် လူများ မရှုပ်ထွေးချိန်**
ပြည်နယ်များ နှင့် ဒေသများ အများစုတွင် လျှော့ဈေးနှုန်းဖြင့် သင့်အား ခရီးသွားခွင့်ပေးသည့် အချိန်ကာလများမှာ၊

- နံနက် 9 နာရီမှ မွန်းလွဲ 3 နာရီအကြား
- တနင်္လာနေ့မှ သောကြာနေ့အထိ ည 7 နာရီ နောက်ပိုင်း
- စနေ၊ တနင်္ဂနွေ နှင့် အစိုးရ ရုံးပိတ်ရက်များတို့ဖြစ်သည်




**အပတ်စဉ်**
လက်မှတ်ဝယ်သည့်နေ့မှစတင်ပြီး 7 ရက်လုံးအတွက် သင် သွားရန်လိုအပ်သော နေရာ မည်သည့်နေရာသို့မဆို ခရီးသွားနိုင်သည်။





**လစဉ်**
အချို့မြို့ကြီးများ၌ ရေရှည်ကာလအတွက် အသုံးပြုနိုင်သော လက်မှတ်များကို သင့်အား ဝယ်ခွင့်ပေးခြင်းအားဖြင့် သင့်အတွက် ငွေကုန်ကျ သက်သာစေသည်။

၎င်းတို့က ရောင်းနိုင်ဖွယ်ရှိသော ရေရှည်ကာလ လက်မှတ်မျိုးများမှာ၊


- 1 လ




- 3 လ




- 6 လ




- 12 လ တို့ဖြစ်သည်

# ကိုယ်ပိုင် သယ်ယူပို့ဆောင်ရေး
## ကား ပိုင်ဆိုင်ခြင်း နှင့် မောင်းနှင်ခြင်း




အကယ်၍သင့်အတွက် အများပြည်သူ သယ်ယူပို့ဆောင်မှုစနစ်ကို အသုံးပြုရန် အဆင်ပြေမှု မရှိပါက၊ သင့်အနေနှင့် ကိုယ်ပိုင်ကားကို ဝယ်လိုကောင်း ဝယ်လိုချင်ပါလိမ့်မည်။



ကားပိုင်ဆိုင်လျှင် အကျိုးရှိပြီး လွယ်ကူမှုရှိစေသော်လည်း ငွေကြေးအကုန်အကျ အလွန်ကြီးမားနိုင်သည်။



ဩစတြေးလျားတွင် ကားပိုင်ဆိုင်ပြီး မောင်းနှင်ရာ၌ သင့်အနေနှင့် အကြောင်းအရာများစွာကို စဉ်းစားရန် လိုအပ်သည်။




သင့်ကားကို

- ပြည်နယ် သို့မဟုတ် ဒေသ၏ လမ်းပန်းဆိုင်ရာ အာဏာပိုင်များထံ၌ မဖြစ်မနေ မှတ်ပုံတင်ရမည်





- အာမခံ ကုမ္ပဏီနှင့် မဖြစ်မနေ အာမခံ ထားရမည်ဖြစ်သည်

## ကား မှတ်ပုံတင်ခြင်း



သင့်ကားကို နှစ်စဉ် အမြဲမပြတ် မှတ်ပုံတင်ရမည် သို့မှသာ သင် ကားကို လမ်းပေါ်တွင် မောင်းနှင်နိုင်မည်ဖြစ်သည်။




သင့် ကား၏ မှတ်ပုံတင်အမှတ်ကို သင့်ကား၏ ရှေ့ဘက် နှင့် နောက်ဘက်တို့တွင် နံပါတ်ပြား၌ ရေးသားပြသထားသည်။




မှတ်ပုံမတင်ထားသော ကားကို မောင်းနှင်ခြင်းမှာ တရားဥပဒေနှင့်ဆန့်ကျင်သည်။




ရဲကားများ၌ သင်၏ကား မှတ်ပုံတင်ထားခြင်း ရှိ၊မရှိကို စစ်ဆေးနိုင်သော ကားနံပါတ်ပြား စစ်ဆေးနိုင်သည့် စက်ရှိသည်။

## အာမခံ



ဩစတြေးလျား၌ မှတ်ပုံတင်ထားသော ကားတိုင်း၌ မထားမနေရ မလုပ်မနေရ ကြားလူအဖွဲ့အစည်း အာမခံ ထားရမည်ဖြစ်သည်။



သင်သည် မတော်တဆ ကားတိုက်မိပြီး တစ်စုံတစ်ဦးမှ ထိခိုက်ဒဏ်ရာရသွားလျှင်၊ လိုလိုမယ်မယ်အဖြစ် မလုပ်မနေရ ကြားလူအဖွဲ့အစည်း အာမခံ လိုအပ်သည်။



အခြား အာမခံ အမျိုးအစား များသည် သင့်အနေနှင့် မတော်တဆ ကားတိုက်မိခြင်းကြောင့် ဖြစ်ပေါ်ရသည့် ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာအတွက် သင့်အား ကူညီ၍ ငွေချေပေးသည်။



သင်ထားရှိသော အာမခံအပေါ်မူတည်ပြီး၊ ၎င်းက ပေးချေနိုင်သော ပျက်စီးနိုင်ရာ ပစ္စည်းများမှာ၊

- သင့်ကား
- အခြားသူတစ်ဦး၏ကား
- အခြားသူများက ပိုင်ဆိုင်သော ပိုင်ဆိုင်ပစ္စည်းများ တို့ဖြစ်သည်။

# ယာဉ်မောင်းလိုင်စင် ရယူခြင်း



ဩစတြေးလျား၌ ယာဉ်မောင်းနိုင်ရန်အတွက် သင့်ထံ၌ ဩစတြေးလျား ယာဉ်မောင်းလိုင်စင်ရှိရန် မဖြစ်မနေ လိုအပ်သည်။

သင့်ထံ၌ သင့်ဇာတိနိုင်ငံမှ ယာဉ်မောင်းလိုင်စင် ရှိခဲ့လျှင်လည်း သင် ဩစတြေးလျားလိုင်စင်ကို လိုအပ်နေဦးမည်ဖြစ်သည်။



သင်လုပ်ရန် လိုအပ်လိမ့်မည်တို့မှာ၊

- လမ်းစည်းကမ်းများဆိုင်ရာ စာမေးပွဲကို ဖြေဆိုခြင်း
- လက်တွေ့ယာဉ်မောင်းစာမေးပွဲကို ဖြေဆိုခြင်း တို့ဖြစ်သည်




သင်သည် ကားမောင်းလေ့ကျင့်ခြင်း အချို့ လုပ်ရန်လည်း လိုအပ်နိုင်ဖွယ်ရှိမည်။



နောက်ထပ်အချက်အလက်များအတွက် ပြည်နယ် နှင့် ဒေသ လမ်းပန်းဆိုင်ရာ အာဏာပိုင်များအား သင် ဆက်သွယ်သင့်သည်။




သင့်အား ကူညီရန် သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူထံ၌ မေးမြန်းပါ။



သင့်ဇာတိနိုင်ငံမှ ယာဉ်မောင်းလိုင်စင်အား အင်္ဂလိပ်ဘာသာစကားအဖြစ်သို့ ဘာသာပြန်ရန်လည်း လိုအပ်နိုင်ဖွယ်ရှိမည်။

https://translating.dss.gov.au ၌ ကြည့်ခြင်းအားဖြင့် သင်သည် သင်၏ စာရွက်စာတမ်းများအား ဘာသာပြန်ပေးရန် လျှောက်လွှာကို အွန်လိုင်းအရ တင်နိုင်သည်။

၎င်းအတွက် သင် ငွေကုန်ကျလိမ့်မည် မဟုတ်ပါ။

## ဩစတြေးလျား ယာဉ်မောင်းလိုင်စင်ကို ကျွန်ုပ် ဘယ်လိုရယူနိုင်မလဲ




ဩစတြေးလျား ယာဉ်မောင်းလိုင်စင်များကို ပြည်နယ် နှင့် ဒေသ တစ်ခုစီတွင် လမ်းပန်းဆိုင်ရာ အာဏာပိုင်များက ကိုင်တွယ်အုပ်ချုပ်သည်။

ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ နှင့် ကန့်သတ်ချက်များသည် ပြည်နယ်တစ်ခုစီအလိုက် ကွဲပြားခြားနားသည်။




သင် စတင် ယာဉ်မောင်းသင်ရန် အဆင်သင့်ဖြစ်ပြီဆိုလျှင် သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူကို ဆက်သွယ်ပါ။





သင်သည် အမောင်းသင် လိုင်စင် ကိုင်၍ စတင်မောင်းရလိမ့်မည်ဖြစ်သည်။

သင်နှင့်အတူ ကားထဲ၌ လိုင်စင်ရှိသော ယာဉ်မောင်းသူ သို့မဟုတ် အမောင်းသင်နည်းပြ ရှိမှသာ သင့်အနေနှင့် ယာဉ်မောင်းနိုင်သည်။




သင် အစမ်းစာမေးပွဲများကို အောင်မြင်ပြီးသည့်အခါ၌ ယာယီလိုင်စင် ကို ရရှိပါလိမ့်မည်။

ထိုနောက်ပိုင်းတွင် သင့်ဘာသာသင် တစ်ဦးတည်း ကားမောင်းခွင့် ရှိပါလိမ့်မည်။



နှစ်အနည်းငယ်ကြာပြီးနောက် သင်သည် လိုင်စင် အပြည့်ကို ရရှိပါလိမ့်မည်။


လိုင်စင်ပုံစံတစ်မျိုးစီအတွက် စည်းကမ်းချက်များမှာ ကွဲပြားခြားနားသည်။

## ယာဉ်မောင်းခြင်းနှင့် ပတ်သက်ပြီး မှတ်သားထားရန် အရေးကြီးသော အကြောင်းအချက်များ





အကယ်၍သင် ဥပဒေကို ချိုးဖောက်ခဲ့လျှင်၊ ပြစ်ဒဏ်သင့်ပါလိမ့်မည်။ ၎င်းတွင်ပါဝင်နိုင်သည်တို့မှာ၊


- ဒဏ်ကြေး၊ ငွေအမြောက်အမြားဆောင်ရခြင်း



- သင့် လိုင်စင် အသိမ်းခံရခြင်း



- ထောင်ကျခြင်းတို့ဖြစ်သည်



ကားမောင်းသူ နှင့် ခရီးသည်များသည်
ဥပဒေလိုအပ်ချက်အရ ထိုင်ခုံခါးပတ်ကို အမြဲပင်
မပတ်မနေ ပတ်ကြရမည်။

အကယ်၍သင် ထိုင်ခုံခါးပတ်ကို မပတ်လျှင်
ပြစ်ဒဏ်သင့်ပါလိမ့်မည်။




ကလေးများအနေနှင့် မလုပ်မနေရတို့မှာ၊

- အနောက်၌ ရှိသည့် ထိုင်ခုံတွင် ထိုင်ခြင်း
- ထိုင်ခုံ ခါးပတ်ကို ပတ်ခြင်း
- သူတို့၏ အရွယ်နှင့် လိုက်ဖက်မှုရှိရာ သင့်လျော်သည့် ကလေးထိုင်ခုံတွင် ထိုင်ခြင်း တို့ဖြစ်သည်




မှတ်ပုံမတင်ထားသော ယာဉ်ကို မည်သည့်အခါမျှ
မမောင်းပါနှင့်။



လိုင်စင်မရှိဘဲ မည်သည့်အခါမျှ မမောင်းနှင်ပါနှင့်။

သင့် ယာဉ်မောင်းလိုင်စင်ကို သင်နှင့် အတူ
အမြဲဆောင်ထားပါ



ရဲအရာရှိများက သင့်အား ရပ်ခိုင်းခဲ့လျှင် သူတို့၏ မေးခွန်းများကို အမြဲပင် ရိုးသားစွာ ဖြေပါ။




လမ်းစည်းကမ်းများ နှင့် လမ်းပေါ်ရှိ အမှတ်အသားများအားလုံးကို လိုက်နာပါ။



ကားမောင်းနေစဉ် လက်ကိုင် မိုဘိုင်းဖုန်းကို ကိုင်တွယ်၍ သုံးခြင်းသည် တရားဥပဒေနှင့်ဆန့်ကျင်သည်။ ၎င်းတွင် ပါဝင်သည်တို့မှာ၊

- ဖုန်းဆက်ခြင်း သို့မဟုတ် ဖုန်းဖြေခြင်း
- စာသားပို့ခြင်း
- ဂိမ်း ကစားနည်းများ ကစားခြင်း
- ဓာတ်ပုံများ သို့မဟုတ် ဗီဒီယို ရိုက်ခြင်း
- အင်တာနက်၌ အရာများကို ကြည့်ခြင်းတို့ဖြစ်သည်

ဤစာမျက်နှာကို ရည်စူး၍ အလွတ်ထားခြင်းဖြစ်သည်

Australian Government
Department of Social Services

သြစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM